သတိပြုကြလော့။ ဤလောကကြီးသည် ကျိန်စာသင့်ခြင်းခံရပြီး၊၎င်းအတွင်းရှိအရာအားလုံးသည်လည်း

ကျိန်စာသင့်ခြင်းခံရပေသည်။အလ္လာဟ်အရှင်မြတ်၏ဇိကရ်(သတိရတသမှု) နှင့်

၎င်းနှင့်ဆက်နွှယ်သောအရာများ၊ သာသနာ့ပညာရှင်နှင့်ပညာသင်ယူဆည်းပူးနေသူတို့သာ ထိုအရာမှကင်းလွတ်၏။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည်
အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့ရသည်။ "သတိပြုကြလော့။ ဤလောကကြီးသည် ကျိန်စာသင့်ခြင်းခံရပြီး၊
၎င်းအတွင်းရှိအရာအားလုံးသည်လည်း ကျိန်စာသင့်ခြင်းခံရပေသည်။အလ္လာဟ်အရှင်မြတ်၏ဇိကရ်(သတိရတသမှု) နှင့် ၎င်းနှင့်ဆက်နွှယ်သောအရာများ၊
သာသနာ့ပညာရှင်နှင့် ပညာသင်ယူဆည်းပူးနေသူတို့သာ ထိုအရာမှကင်းလွတ်၏။" [حسن] [رواه الترمذي وابن ماجه]

တမန်တော်မြတ်(ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)က လောကီနှင့် ၎င်းအတွင်းရှိအရာအားလုံးသည်အလ္လာဟ်အရှင်မြတ်အထံတော်၌ မုန်းတီးခြင်းခံရသော၊ ကဲ့ရဲ့ခြင်းခံရသော၊စွန့်ပယ်ခြင်းခံရသော၊ ဖယ်ရှားခြင်းခံရသောအရာများဖြစ်ကြောင်း၊ ၎င်းတွင်ရှိသောအရာများသည် ချီးမွမ်းထိုက်ဖွယ်မရှိကြောင်း မိန့်ကြားတော်မူခဲ့သည်။ အကြောင်းမှာလောကီနှင့် ၎င်းအတွင်းရှိအရာအားလုံးသည် အရှင်မြတ်ထံမှ ဖယ်ရှားစေပြီးဝေးကွာစေသောကြောင့်ဖြစ်သည်။ သို့ရာတွင် အရှင်မြတ်အား ဇိကိရ်သတိရတသခြင်း နှင့်၎င်းနှင့်နီးစပ်သောအရာ၊ အရှင်မြတ်နှစ်သက်တော်မူသောအရာများ၊ သို့မဟုတ် လူဆို့အားရှရီအဟ်ပညာရပ်ကို သင်ကြားပေးသော ပညာရှင်၊ သို့မဟုတ် ထိုပညာကိုသင်ယူဆည်းပူးနေသူတို့သာ ထိုအရာမှကင်းလွတ်၏။

https://sunnah.global/hadeeth/my/show/3788